လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် (၃၄/၂၂)အရ ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံဆိုင်ရာ၊ သီးသန့်လွတ်လပ်သော၊ နိုင်ငံတကာ အချက်အလက်ရှာဖွေရေး မစ်ရှင်။ ။

**မြန်မာ။ ။ တပ်မတော်ခေါင်းဆောင်များကို ဂျန်နိုဆိုက် ခေါ် မျိုးနွယ်စုတစ်စုအား မျိုးဖြုတ်ခြင်း၊ လူသားတမျိုးနွယ်လုံး အပေါ်သက်ရောက် ကျူးလွန်သည့် ရာဇဝတ်မှုများ နှင့် စစ်ရာဇဝတ်မှုများ အတွက် စုံစမ်းစစ်ဆေးရန် လိုအပ်သည်ဟု ကုလသမဂ္ဂ အစီရင်ခံစာက ဆို။**

ဂျီနီဗာမြို့ (၂၀၁၈) ခုနှစ် ဩဂုတ်လ (၂၇)ရက်။ ။ မြန်မာနိုင်ငံ၏ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အပါအဝင်၊ စစ်တပ်၏ ထိပ်တန်းဗိုလ်ချုပ်ကြီးများအား ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ကျူးလွန်ခဲ့သော ဂျန်နိုဆိုက် ခေါ် မျိုးနွယ်စုတစ်စုအား မျိုးဖြုတ်ခြင်း၊ အလားတူ ရခိုင်၊ ကချင်နှင့် ရှမ်းပြည်နယ်တို့တွင် ကျူးလွန်ခဲ့သော လူသားတမျိုးနွယ်လုံးအပေါ် သက်ရောက်သည့် ရာဇဝတ်မှုများ နှင့် စစ်ရာဇဝတ်မှုများ အတွက် စုံစမ်းစစ်ဆေးပြီး ရုံးတင်တရားစွဲရန် လိုအပ်သည်ဟု မြန်မာနိုင်ငံဆိုင်ရာ၊ သီးသန့်လွတ်လပ်သော၊ နိုင်ငံတကာ အချက်အလက်ရှာဖွေရေး မစ်ရှင်၏ ယနေ့ ထုတ်ပြန်အစီရင်ခံစာက တိုက်တွန်းလိုက်သည်။

ဤမစ်ရှင်းကို ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီမှ (၂၀၁၇)ခုနှစ်၊ မတ်လတွင် ဖွဲ့စည်းခဲ့ပြီး၊ ၎င်းက “အပြည်ပြည်ဆိုင်ရာ ဥပဒေအရ သံသယဖြစ်ဖွယ်မရှိသည့် အဆိုးရွားဆုံးသော ရာဇဝတ်မှုများနှင့် တန်းတူညီမျှသည့်” အလွန်ဆိုးဝါးသောလူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အလွဲသုံးစားပြုမှုပုံစံများအား ကချင်၊ ရခိုင်နှင့် ရှမ်းပြည်နယ်တို့၌ အဓိကအားဖြင့် တပ်မတော်ခေါ် မြန်မာ့ စစ်တပ်မှ ကျူးလွန်ခဲ့ကြောင်း၊ တခြား လုံခြုံရေးတပ်ဖွဲ့များကလည်း ပါဝင်လုပ်ရှားခဲ့ကြောင်း တွေ့ရှိခဲ့သည်။

“စစ်အင်အား အသုံးပြုရန် အမှန်တကယ် လိုအပ်ခဲ့လျှင်လည်း၊ နှိုင်းချိန်မှု မရှိဘဲ လူမသိသူမသိ သတ်ဖြတ်ခြင်း၊ အမျိုးသမီးများအား လူစုလိုက်ဝိုင်းပြီး မုဒိန်းကျင့်ခြင်း၊ ကလေးများအား ထိုးနှက်တိုက်ခိုက်ခြင်း နှင့် ရွာလုံးပေါက် မီးရှို့ခြင်းတို့အား ဘယ်သောအခါမှ တရားမျှတမှန်ကန်ကြောင်း ပြောခွင့်ရှိမည် မဟုတ်ပါ။ တပ်မတော်၏ နည်းဗျူဟာသည် အမှန်တကယ်ရှိသော လုံခြုံရေးအန္တရာယ်ထက် များစွာပိုလွန်သော အင်အားကို အစဉ်တစိုက်သုံးခြင်းဖြစ်သည်။ ထိုကဲ့သို့ အင်အား အလွန်အကျွံအသုံးပြုမှုကို အထူးသဖြင့် ရခိုင်ပြည်နယ်၌ တွေ့ရှိရပြီး မြန်မာနိုင်ငံမြောက်ပိုင်းတွင်လည်း တွေ့ရှိရသည်”ဟု အစီရင်ခံစာက ဆိုသည်။

“ဤကဲ့သို့ တိုက်ခိုက်မှုများကို မဖြစ်ခဲ့ပါဘူးဟု စွတ်ငြင်းနေခြင်း၊ ရက်ရက်စက်စက် လုပ်ရပ်များကို ပုံမှန်သဘောဖြင့် လက်ခံထားခြင်း၊ ကျူးလွန်သူများ ယနေ့အထိ ပြစ်ဒဏ်ကင်းလွတ်နေခြင်းတို့မှာ တုန်လှုပ်ဖွယ်ရာ ကောင်းလှပါသည်။ တပ်မတော်အနေနှင့် လူ့အသက်၊ လူ့ဂုဏ်သိက္ခာ နှင့် လွတ်လပ်ခွင့်တို့ကို

မထီမဲ့မြင်ပြုခြင်း၊ ယေဘုယျအားဖြင့် အပြည်ပြည်ဆိုင်ရာ ဥပဒေဆိုလျှင် လုံးဝဂရုမစိုက်ခြင်းတို့မှာ မြန်မာတနိုင်ငံလုံးရှိ လူထုအားလုံးအတွက် စိုးရိမ်စရာ ဖြစ်ပါသည်။"

ကချင်၊ ရှမ်းနှင့် ရခိုင်ပြည်နယ်တို့တွင် ကျူးလွန်ခဲ့သော လူသားတမျိုးနွယ်လုံး အပေါ် သက်ရောက်သည့် ရာဇဝတ်မှုများမှာ လူသတ်မှု၊ ထောင်သွင်း အကျဉ်းချထားမှု၊ လူသားများအား အတင်းအကြပ် ပျောက်ကွယ်သွားစေမှု၊ နှိပ်စက်ညှဉ်းပန်းမှု၊ မုဒိမ်းမှု၊ အဓမ္မလိင်ကျွန် ပြုမှု၊ အခြားသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၊ နှိပ်စက်မှုနှင့် ကျေးကျွန်ပြုလုပ်မှုတို့ ပါဝင်ပါသည်။ ထို့အပြင် ရခိုင်ပြည်နယ်၌ လူအစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများနှင့် နိုင်ငံမှ နှင်ထုတ်ခြင်းစသည့် လူသားတမျိုးနွယ်လုံး အပေါ် သက်ရောက်သည့် ရာဇဝတ်မှုများလည်း ဖြစ်ပွားခဲ့ပါသည်။

မစ်ရှင်မှ ကောက်ချက်ချသည်မှာ "ရခိုင်ပြည်နယ်၌ ဖြစ်ပွားခဲ့သော ကိစ္စနှင့် ပတ်သက်၍ ဂျန်နိုဆိုက် ခေါ် မျိုးဖြုတ်ခြင်း အတွက် တာဝန်ရှိကြောင်း အရည်အချင်းပြည့်မှီသော တရားရုံးက ဆုံးဖြတ်ချက် ချနိုင်ရန်အလို့ငှာ တပ်မတော် ကွပ်ကဲမှုအဆင့်ဆင့်ရှိအကြီးတန်းအရာရှိများကို စုံစမ်းစစ်ဆေး တရားစွဲဆိုခွင့်ပြုရန် လုံလောက်သော သတင်းအချက်အလက် အပြည့်ရှိသည်" ဟူ၍ဖြစ်သည်။

"မျိုးဖြုတ်ရန် ရည်ရွယ်ချက် (Genocidal Intent) ရှိသည်ဟု အတည်ပြုခဲ့ပြီးဖြစ်သော တခြားအဖြစ်အပျက်တို့၏ သဘောသဘာဝ၊ ဆိုးရွားမှု အနေအထားနှင့် နယ်ပယ် တို့မှာ ရခိုင်ပြည်နယ်၌ ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများနှင့် ကျူးလွန်သည့် နည်းလမ်းမှာ ဆင်တူသည် "ဟု အစီရင်ခံစာက ဆိုသည်။ ဤကဲ့သို့ ရည်ရွယ်ချက် ရှိသည်ဟု ညွှန်ပြနေသော အချက်အလက်တို့မှာ ကျယ်ကျယ်ပြန့်ပြန့် ဖိနှိပ်လျက်ရှိသော အခြေအနေနှင့် အမုန်းစကားများ၊ တပ်မှူးများနှင့် တိုက်ရိုက်ပြစ်မှုကျူးလွန်သူတို့၏ ပြောစကားများ၊ ရခိုင်ပြည်နယ်ရှိ လူဦးရေဖွဲ့စည်းမှုကို ပြောင်းလဲစေသော အပါအဝင် ဖယ်ထုတ်ရေးမူဝါဒများ၊ ဖျက်ဆီးရန် အကြံအစည်ရှိသည်ဟု ညွှန်ပြနေသော အဖွဲ့အစည်း၏အဆင့်နှင့် အကြမ်းဖက်မှု၏ အလွန်အကျူး အတိုင်းအဆနှင့် ရက်စက်မှု"တို့ ဖြစ်ကြပါသည်။

ထိရောက်စွာ ထိန်းချုပ်နိုင်ပြီး တာဝန်အရှိဆုံးဟု မစ်ရှင်က ယူဆသော စွပ်စွဲထားသည့် ကျူးလွန်သူများ စာရင်းကို ဦးစားပေးစုံစမ်းစစ်ဆေးကာ တရားစွဲဆိုရန် စာရင်းပြုစုထားသည်။ ထိပ်ဆုံးမှ တာဝန်ရှိသူမှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဖြစ်သည်။ နောက်ထပ်တခြားသော တပ်မှူး (၅)ဦးကိုလည်း အစီရင်ခံစာတွင် အမည်ဖော်ပြထားသည်။ ၎င်းတို့မှာ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အမှတ်(၃) စစ်ဆင်ရေးအထူးအဖွဲ့မှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်ကျော်ဇော၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်စိုး၊ အမှတ်(၃၃) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်အောင်အောင် နှင့် အမှတ်(၉၉) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ် သန်းဦးတို့ ဖြစ်ကြသည်။ ဤထက်မကများပြားသော ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးထံတွင်

ထိန်းသိမ်းထားမည်ဖြစ်ပြီး၊ အပြည်ပြည်ဆိုင်ရာ စံများ နှင့်အညီ၊ တာဝန်ခံမှုကို ကျင့်သုံးသော မည်သည့်အရည်အချင်း ပြည့်မှီပြီး၊ ယုံကြည်ထိုက်သော အဖွဲ့အစည်း နှင့် မဆို မျှဝေနိုင်သည်။

အရပ်ဖက်အာဏာပိုင်များတွင် တပ်မတော်၏ လုပ်ရပ်များကို ထိန်းသိမ်းနိုင်ရန် အခွင့်အလမ်း နည်းပါးသည်ဟု အစီရင်ခံစာမှ ဖော်ပြလိုက်သည်။ ဆက်လက်၍ "၎င်းတို့၏ လုပ်ရပ်များနှင့်၊ ထိမ်ချန်ထားမှုများကြောင့် ဆိုးရွားကြမ်းကြုတ်သော ရာဇဝတ်မှုများကို အရပ်ဖက်အာဏာပိုင်များက ကျူးလွန်ရာရောက်သည်" ဟုလည်း အစီရင်ခံစာက တွေ့ရှိသည်။

"နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ၎င်း၏ နိုင်ငံတော်အကြီးအကဲသဖွယ် ရာထူးကိုသော်လည်းကောင်း၊ သူ၏ ပုဂ္ဂိုလ်ရေး ဩဇာ ကိုသော်လည်းကောင်း အသုံးပြုပြီး၊ ရခိုင်ပြည်နယ်၌ ပေါ်ပေါက်ခဲ့သော ဖြစ်ရပ်များကို တားဆီးခြင်းတို့ မရှိပါဟု" ဟု အစီရင်ခံစာက ဖော်ပြထား သည်။

"ပြစ်ဒဏ်မှကင်းလွတ်ခြင်းသည် မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် တရားဥပဒေစနစ်တွင် နက်ရှိုင်းစွာ အမြစ်တွယ်နေရကား တပ်မတော်သည် ဥပဒေအထက်တွင် ရောက်ရှိနေသည်ဟု အစီရင်ခံစာက ဖော်ပြသည်။ ထို့ကြောင့်လည်း မြန်မာနိုင်ငံတွင် ကျူးလွန်ခံခဲ့ရသူများအတွက် တရားမျှတမှု မရှိသည်မှာ ဆယ်စုနှစ်နှင့်ချီ၍ ရှိခဲ့ပြီဖြစ်သည်ဟုလည်း အစီရင်ခံစာက ဆက်လက်ဖော်ပြထားသည်။ တာဝန်ယူ၊ တာဝန်ခံနိုင်ရန်အတွက် နိုင်ငံတကာအသိုက်အဝန်းက တွန်းအားပေးရမည်။

မစ်ရှင်းက မြန်မာနိုင်ငံ၏ အခြေအနေကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှု တရားရုံးသို့ လွှဲအပ်ရန် သို့မဟုတ်၊ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး တစ်ရုံးကို ဖွဲ့စည်းရန် တောင်း ဆိုလိုက်သည်။ ထိုကဲ့သို့ လုပ်ဆောင်နေဆဲ အချိန်တွင် ချိုးဖောက်မှုများ၏ သက်သေအထောက်အထားများကို စုစည်းရန်၊ ခိုင်မာစေရန်၊ ထိန်းသိမ်းရန်နှင့် ခွဲခြမ်းစိတ်ဖြာရန်အတွက် လွတ်လပ် ဘက်မလိုက်သော ယန္တရားတစ်ရပ် ကို တည်ထောင်ရန် တောင်းဆိုလိုက်သည်။ တာဝန် အရှိဆုံးဟု ထင်မြင်ယူဆရသောသူများကို တစ်ဦးချင်း အရေးယူပိတ်ဆို့ရန် ကိုလည်းထောက်ခံတင်ပြခဲ့သည်။

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၂၅)ရက်နေ့တွင် အာဆာလက်နက်ကိုင်အဖွဲ့က ရခိုင်ပြည်နယ်မြောက်ပိုင်း တဝှမ်းတွင် တပ်မတော်နှင့် လုံခြုံရေး ကင်းစခန်းများအား တိုက်ခိုက်သောအခါ တပ်မတော်က အင်အား အလုံးအရင်းဖြင့် တုံ့ပြန်မှုကြောင့် အကြမ်းဖက်မှုဖြစ်ပွားခဲ့ပြီးနောက်ပိုင်း အစုလိုက်အပြုံလိုက် စွန့်ခွာထွက်ပြေးမှု ဖြစ်ခဲ့ရခြင်းသည် ဆယ်စုနှစ်ပေါင်းများစွာအတွင်း ဆိုးရွားသော ဖြစ်ရပ်ဖြစ်ခဲ့ကြောင်း အစီရင်ခံစာက ဖော်ပြထားသည်။ "တရားဝင် ပြဌာန်းချက်များမှ တဆင့် မွေးကင်းစမှ အသက်သေဆုံးသည့် အချိန်အထိ စနစ်တကျ၊ ပြင်းပြင်းထန်ထန် ဖိစီးနှိပ်ကွပ်ခြင်း၊" နိုင်ငံသား ဖြစ်ပိုင်ခွင့်ကို ဖွဲကောင်းကောင်းနှင့် ဆက်တိုက်ငြင်းပယ်နေခြင်း၊ သွားလာလှုပ်ရှားမှုကို ပြင်းထန်စွာ ကန့်သတ်ထားခြင်းတို့ အပါအဝင်၊ တခြားဖယ်ရှားလိုသော အမြော်အမြင်တို့၏ အကျိုးဆက်ရလဒ်ကြောင့် ဤကဲ့သို့ ကပ်ဘေးဆိုက်ခဲ့ရခြင်းဖြစ်သည် ဟုလည်း အစီရင်ခံစာက မှတ်ချက်ချလိုက်သည်။

ဤနောက်ခံဇာတ်ကြောင်းမှ ဆက်လက်၍၊ (၂၀၁၂)တွင် ရခိုင်ပြည်နယ်၌ ပေါ်ပေါက်ခဲ့သော အကြမ်းဖက်မှုများက (၂၀၁၆)၏ ကြီးကြီးမားမား၊ ကျယ်ကျယ်ပြန့်ပြန့် အကြမ်းဖက်မှုများ နှင့် (၂၀၁၇)၏ လူ့အခွင့်အရေး ကပ်ဆိုက်ခြင်းတို့အား ဦးဆောင်ခဲ့သည်။

လူများကို အစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်းများ၊ ရိုဟင်ဂျာရွာတန်းများကို ပြာကျသည့်အထိ မီးရှို့ဖျက်ဆီးခြင်း၊ တပ်မတော် စစ်သားများမှ မိန်းမသားများကို ကြီးကြီးမားမား၊ ကျယ်ကျယ်ပြန့်ပြန့် အုပ်စုဖွဲ့ပြီး မုဒိမ်းကျင့်ခြင်းနှင့် တခြားလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ပြုလုပ်ခဲ့ခြင်းတို့ကို မစ်ရှင်းမှ မှတ်တမ်းတင်ခဲ့သည်။ စော်ကားခံရသူတစ်ဦး၏ စိတ်ထိခိုက်ဖွယ်ရာကောင်းသော ပြောဆိုချက်က လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ မည်မျှ ဧရာမ ကျယ်ပြန့်ခဲ့သည်ကို ညွှန်ပြပါသည်။ သူမက "ကျွန်မက ကံကောင်းတယ်၊ ကျွန်မကို မုဒိန်းကျင့်ခဲ့တာ ယောကျ်ား ၃ယောက်ထဲ" ဟုဆိုသည်။ မုဒိမ်းကျင့်မှုများကို များသောအားဖြင့် လူသူအရှေ့ မိသားစုဝင်များ၊ ကလေးများရဲ့အရှေ့မှာ ကျူးလွန်ခဲ့ကြသည်။ သေနတ်ပြစ်ခံရသည်၊ ဓားထိုးခံရသည်၊ မီးရှို့ခံရသည်ဆိုသော ပြောဆိုချက်များနှင့် ကိုက်ညီသည့် ထိခိုက်ဒဏ်ရာများရရှိထားသည့် ကလေးပေါင်းများစွာကိုလည်း မစ်ရှင်းမှ မျက်မြင်တွေ့ရှိခဲ့သည်။ ကျယ်ကျယ်ပြန့်ပြန့်၊ စနစ်တကျ၊ တမင်သက်သက်၊ ပစ်မှတ်ချပြီး ဖျက်ဆီးခြင်းတို့ ကျူးလွန်ခဲ့ကြောင်း၊ ရိုဟင်ဂျာတို့ နေထိုင်ခဲ့သည့် နေရာများမှာ မီးလောင်ပျက်ဆီးခဲ့ပြီး၊ အနီးစပ်ရှိ ရခိုင်အိမ်တန်းများ လုံးဝ အထိမခံခဲ့ရကြောင်း ဂြိုလ်တုပုံရိပ်များက အကိုက်အညီ ဖော်ပြကြသည်။

"အမုန်းစကားများ ထွန်းကားစေသော၊ လူ့အခွင့်အရေး ချိုးဖောက်မှုများ တရားဝင်ဖြစ်နေသော၊ ခွဲခြား ဆက်ဆံရေးနှင့် အကြမ်းဖက်ရေး လှုံ့ဆော်ချက်များ လွယ်ကူချောမောစွာ ပျံ့ပွားစေသော အခြေအနေရောက်အောင် အစိုးရနှင့် တပ်မတော်တို့က ပြုစုပျိုးထောင်ခဲ့သည်" ဟု ထုတ်ပြန်စာက ဆိုသည်။ မစ်ရှင်းမှ များပြားလှသော အမုန်းစကားနှင့် အကြမ်းဖက်ရေး လှုံ့ဆော်ချက် နမူနာများကို တွေ့ရှိခဲ့သည်။ ဥပမာတစ်ခုမှာ ရခိုင်ပြည်နယ်တွင် နိုင်ငံရေးဦးဆောင်ဖြစ်သူ ပါတီတစ်ခုက ဟစ်တလာကို ကိုးကား၍ "လူသားမဆန်သည့် လုပ်ရပ်သည် တစ်ခါတလေမှာ လူမျိုးတစ်မျိုး တည်တံ့ခိုင်မြဲရေးအတွက် လိုအပ်သည်" ဟု (၂၀၁၂)ခုနှစ် နိုဝင်ဘာလတွင် ထုတ်ပြန်ခဲ့လေသည်။

(၂၀၁၇)ခုနှစ် ဩဂုတ်လတွင် အာဆာ၏ ထိုးစစ်အား လုံချုံရေး တပ်ဖွဲ့များက နာရီပိုင်းအတွင်း စတင်ကာ၊ ချက်ချင်း၊ ရက်ရက်စက်စက်နှင့် အဆမတန် အင်အားသုံးကာ တုံ့ပြန်ခဲ့ကြသည်။ ဤကဲ့သို့ တုံ့ပြန်နိုင်ခဲ့ခြင်းသည် အဆင့်မီ ပုံစံဖော်ထားသည့် ကြိုတင်အစီအစဉ်ရှိကြောင်း ညွှန်ပြသည်။ ထိုအချက်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်တိုင် ပြောဆိုခဲ့သည့် "မပြီးပြတ်သေးသော ကြာရှည်တည်တံ့ခဲ့သည့် ဘင်္ဂါလီပြဿနာကို ဖြေရှင်းရန်" ဆိုသော အမြော်အမြင်နှင့် ကိုက်ညီလျက် ရှိသည်။ (၂၀၁၇)ခုနှစ် ဩဂုတ်လဆန်းမှ စတင်၍ ရခိုင်ပြည်နယ် မြောက်ပိုင်းတလျှောက်တွင် တပ်မများ၊ စစ်ကြောင်းများနှင့် တခြားစစ်တပ်၏ လက်နက်ကိရိယာတို့ အများအပြား စုပုံလာခဲ့ကြောင်း မစ်ရှင်းမှ တွေ့ရှိခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့များက ရခိုင်တိုင်းရင်းသားများ အပေါ်လည်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ အပါအဝင်၊ ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်ခဲ့ကြောင်း၊ ဤကိစ္စအား သတင်းတင်ပြချက်နည်းပါးကြောင်း အစီရင်ခံစာက အသားပေးပြောကြားခဲ့သည်။

ကချင်နှင့် ရှမ်းပြည်နယ်တို့တွင် လက်နက်ကိုင် တိုက်ပွဲများ ဖြစ်ပျက်နေသည့် အခြေအနေကြားက၊ ပေါ်ပေါက်ခဲ့သော ဖြစ်ရပ်အများအပြားကို မစ်ရှင်းမှ အတည်ပြုနိုင်ခဲ့သည်။ ၎င်းတို့က အပြည်ပြည်ဆိုင်ရာ ဥပဒေများအား တစ်သမတ်မတ်နှင့် တစ်ပုံစံတည်း ချိုးဖောက်ခဲ့ကြောင်း အသေအချာ ညွှန်ပြခဲ့သည်။ ပြည်သူပြည်သားများကို ပစ်မှတ်ချ၍ စနစ်တကျ စီးနင်းတိုက်ခိုက်ခြင်း၊ လူသားများ၏ အသက်အိုးအိမ်၊ ပစ္စည်းဥစ္စာ နှင့် ကျန်းမာသုခတို့ကို လုံး၀ ဥပေက္ခာ မပြုခြင်းတို့ကို ရှိခဲ့ကြောင်း အစီရင်ခံစာက တွေ့ရှိခဲ့သည်။

သတ်ဖြတ်မှုများ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၊ တရားလက်လွတ်ဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းခြင်း၊ လူများ ပျောက်ကွယ်သွားအောင် အတင်းအကျပ်ပြုခြင်း၊ ချွေးတပ်ဆွဲခြင်း၊ နယ်မြေလုယူခြင်း နှင့် ရွာများအား မီးရှို့ဖျက်ဆီးခြင်းတို့ အပါအဝင်၊ တခြား ကျယ်ပြန့် သော ချိုးဖောက်မှုများအား တပ်မတော်၏ တိုက်ခိုက်မှုများက အထောက်အကူပြုခဲ့သည်။

အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များမှ ချိုးဖောက်မှုများနှင့် အလွဲသုံးစားမှုများလည်း ရှိခဲ့သည်ဟု မစ်ရှင်းက အတည်ပြုခဲ့သည်။ ၎င်းတို့မှာ ကချင်နှင့် ရှမ်းပြည်နယ်တို့ရှိ တိုင်းရင်းသား လက်နက်ကိုင် တပ်ဖွဲ့များ နှင့် ရခိုင်ပြည်နယ်ရှိ အာဆာတို့ဖြစ်သည်။

မစ်ရှင်းသည် မြန်မာနိုင်ငံအတွင်း လုံး၀ ဝင်ရောက်ခွင့် မရခဲ့သော်လည်း၊ များပြားလှသော အချက်အလက်များကို ကျူးလွန်ခံရသူများနှင့် မျက်မြင်သက်သေများနှင့် အသေးစိတ် အင်တာဗျူး (၈၇၅)ကျော်၊ ဂြိုလ်တုပုံရိပ်များ၊ အမှန်ဖြစ်ကြောင်း အတည်ပြုထားသော စာရွက်စာတမ်း၊ ဓာတ်ပုံများနဲ့ ဗီဒီယိုဖိုင်များ အပါအဝင်ပဓာန အရင်းအမြစ်များမှ စုဆောင်းခဲ့သည်။ လိင်ပိုင်းဆိုင်ရာ နှင့် ကျားမအခြေပြု အကြမ်းဖက်မှုများဆိုင်ရာ၊ စိတ်ပညာဆိုင်ရာ၊ စစ်တပ်ရေးရာနှင့် မှုခင်းဆေးပညာဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များကို တိုင်ပင် အသုံးပြုခဲ့သည်။ သေချာမှန်ကန်ကြောင်း အတည်ပြုပြီးသား အကြောင်းအရာများကိုသာ အသုံးပြုခဲ့သည်။ မစ်ရှင်းမှ ဘင်္ဂလားဒေ့ရှ် နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ထိုင်းနိုင်ငံ နှင့် ယူကေတို့အရောက် ကွင်းစင်းသွားလာခဲ့သည်။

အသေးစိတ် အချက်အလက်များ၊ တရားဥပဒေအရ ခွဲခြမ်းစိတ်ဖြာ လုပ်ထားချက်များ ပါဝင်သည့် အစီရင်ခံစာ အပြည့်အဝကို လူ့အခွင့်အရေးကောင်စီသို့ စက်တင်ဘာလ (၁၈)ရက်နေ့တွင် ထုတ်ပြန် တင်ပြသွားမည် ဖြစ်သည်။ ၎င်းအစီရင်ခံစာ အသေးစိတ်တွင် ဂြိုလ်တုပုံရိပ် အများအပြားပါဝင်မည် ဖြစ်သည်။